# အသစ်ပြုပြင်ပြဋ္ဌာန်းထားသော ဂျပန် လူဝင်မှုကြီးကြပ်ရေး ဥပဒေ (အမေး-အဖြေ ပုံစံ)

## နိုင်ငံခြားသားမှတ်ပုံတင်ဥပဒေသစ်

(အလယ်အလတ်နှင့် ရေရှည် ဂျပန်နိုင်ငံတွင် အခြေစိုက်နေထိုင်ခွင့်ရထားသောနိုင်ငံခြားသားများအတွက်)

၂၀၁၂ခုနှစ်၊ ဇူလိုင်လတွင် စတင်ကျင့်သုံးမည့် အသစ်ပြုပြင်ပြဋ္ဌာန်းထားသော လူဝင်မှုကြီးကြပ်ရေး ဥပဒေတွင် အောက်ဖော်ပြပါ နေထိုင်ခွင့်အဆင့်အတန်း (Status of Residence) ရရှိထားကြသော နိုင်ငံခြားသားများကို "အလယ်အလတ်နှင့် ရေရှည် ဂျပန်နိုင်ငံတွင် အခြေစိုက်နေထိုင်ခွင့်ရရှိထားသူများ" အဖြစ်သတ်မှတ်ထားသည်။

1. အမြဲ အခြေစိုက်နေထိုင်ခွင့် (Permanent Resident)
2. နှစ်ရှည်နေထိုင်ခွင့် (Long-term Resident)
3. ဂျပန်နိုင်ငံသား၏ အိမ်ထောင်ဘက်(သို့)သားသမီး (Spouse or Child of Japanese National)
4. အနုပညာရှင် (Artist)
5. ဘာသာရေး (Religious)
6. သတင်းထောက် (Journalist)
7. ယဉ်ကျေးမှုရေးရာ (Cultural Activities)
8. ပါမောက္ခ (Professor)
9. ရင်းနှီးမြှုပ်နှံ/စီးပွားရေး မန်နေဂျာ (Investor/Business Manager)
10. ဥပဒေ/စာရင်းစစ်ဆိုင်ရာလုပ်ငန်း (Legal/Accounting services)
11. ဆေးဝါးကုသမှုဆိုင်ရာလုပ်ငန်း (Medical Services)
12. သင်တန်းနည်းပြ (Instructor)
13. ကုမ္ပဏီ အချင်းချင်းအကြား လုပ်သားဖလှယ်မှု (Intra-company Tranferee)
14. နည်းပညာဆိုင်ရာအလုပ်သင် သင်တန်းသား (Technical Intern Training)
15. တက္ကသိုလ်/ကောလိပ်ကျောင်းသား (College Student)
16. အလုပ်သင် (Traniee)
17. သုတေသီ (Researcher)
18. အင်ဂျင်နီယာ (Engineer)
19. လူသားရေးရာနှင့် အပြည်ပြည်ဆိုင်ရာ ကျွမ်းကျင်သူ (Specialist in Humanities/International Services)
20. ဖျော်ဖြေရေး (Enertainer)
21. ကျွမ်းကျင်လုပ်သား (Skilled Labor)
22. မှီခိုသူ (Dependent)
23. သီးခြားသတ်မှတ်ပြဋ္ဌာန်းထားသော လှုပ်ရှားမှု (Designated Activiteies)

တည်းဖြတ်သည့်အဖွဲ့အစည်း(အင်္ဂလိပ်ဘာသာ)။ ။ Meeting of Countermeasure against Immigration relevant laws / Solidarity network with Migrants Japan (SMJ) NGO Committee against the introduction of "*Zairyu* card (resident card)"system

ထုတ်ဝေသူ။ ။National Christian Conference on Issues of the Alien Registration Law

မြန်မာဘာသာသို့ပြန်ဆိုသူ။ ။ တင်ဝင်း (ဥက္ကဋ္ဌ- မြန်မာနိုင်ငံအလုပ်သမားများအဖွဲ့ချုပ်-ဂျပန်ပြည် FWUBC-Japan)

မေးခွန်း(၁)။

ဂျပန်ရှိ နိုင်ငံခြားသားများ ယခုလက်ရှိ ကိုင်ဆောင်ထားကြသော နိုင်ငံခြားသား မှတ်ပုံတင်ကဒ်ပြား (အေလီယံကဒ်) ကို ဖျက်သိမ်းတော့မယ် ဆိုတာ အမှန်ဘဲလား?

**အဖြေ။** ။ဟုတ်ပါတယ်။ ယခုလက်ရှိပြဌာန်းထားတဲ့ နိုင်ငံခြားသား မှတ်ပုံတင်ဥပဒေကို ဖျက်သိမ်းတော့မှာဖြစ်ပြီး၊ အဲဒီအစား နိုင်ငံခြားသား နေထိုင်မှု ကွပ်ကဲရေး စနစ်သစ်တရပ်ကို စတင်တော့မှာဖြစ်ပါတယ်။

"လူဝင်မှုကြီးကြပ်ရေးနှင့် ဒုက္ခသည်အသိအမှတ်ပြုရေး အက်-ဥပဒေ" (ယခုမှစ၍ "လူဝင်မှုကြီးကြပ်ရေးဥပဒေ"ဟု သုံးနှုန်းမည်။)ကိုပြင်ဆင်သည့် ဥပဒေကို ၂၀၀၉ခုနှစ်၊ ဇူလိုင်လ(၁၅)ရက်နေ့က ပြဌာန်းခဲ့ပြီး၊ ၂၀၁၂ခုနှစ်၊ ဇူလိုင်လတွင် အဆိုပါ ဥပဒေက ပြဌာန်းသော နိုင်ငံခြားသားမှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း(စနစ်)အသစ်တရပ် စတင် အသက်ဝင်မှာဖြစ်ပါတယ်။

အဆိုပါ စနစ်သစ်မှာ နေထိုင်ခွင့်ဗီဇာ (၃)လ အထက် ရထားတဲ့ နိုင်ငံခြားသားတွေကို( အထူးအခြေစိုက်နေထိုင်ခွင့် Special Permanent Residents ရထားသူများမှအပ) အလယ်အလတ်နှင့် ရေရှည် ဂျပန်နိုင်ငံတွင် အခြေစိုက် နေထိုင်ခွင့်ရထားသော နိုင်ငံခြားသားများအဖြစ် သတ်မှတ်ထားပြီး၊ နေထိုင်ခွင့်ဗီဇာ အပေါ် မူတည်လျှက် နိုင်ငံခြားသား အမျိုးအစားကို အောက်ပါဇယားအတိုင်း ခွဲခြားသတ်မှတ်ပြီး ဆက်ဆံသွားမှာဖြစ်ပါတယ်။ ဇယား(၁)ကိုကြည့်ပါ။

| | လက်ရှိ နိုင်ငံခြားသားမှတ်ပုံတင်ဥပဒေ | အသစ်ပြဌာန်းလိုက်သော လူဝင်မှုကြီးကြပ်ရေးဥပဒေ | အသစ်ပြဌာန်းလိုက်သော အခြေခံနေထိုင်မှု မှတ်ပုံတင်ဥပဒေ (ပုံစံ(၁၀) - အိမ်ထောင်စု ဇယား) |
|---|---|---|---|
| အထူးနေထိုင် ခွင့် (ကိုးရီး ယားနှင့် ထိုင် ဝမ်သားတို့ အတွက် အထူး ပြဌာန်းထားသောဥပဒေ) | ဒေသန္တရအစိုးရမှ ထုတ်ပေးထားသော နိုင်ငံခြားသားမှတ်ပုံတင်ကဒ် (အေလီယံကဒ်) | ဒေသန္တရအစိုးရမှ ထုတ်ပေးထားမည့် အထူးအခြေစိုက် နေထိုင်ခွင့်ပြု မှတ်ပုံတင် | ဒေသန္တရအစိုးရမှ ထုတ်ပေးထားမည့် အခြေစိုက်နေထိုင်သူ နိုင်ငံ ခြားသား နေထိုင်ခွင့် မှတ်ပုံတင် |
| အလယ်အလတ်နှင့် ရေရှည် ဂျပန်နိုင်ငံတွင် အခြေစိုက်နေထိုင်ခွင့်ရထားသောနိုင်ငံခြားသားများအတွက် | ဒေသန္တရအစိုးရမှ ထုတ်ပေးထားသော နိုင်ငံခြားသားမှတ်ပုံတင်ကဒ် (အေလီယံကဒ်) | ဒေသန္တရလူဝင်မှုကြီးကြပ် ရေးရုံးမှ ထုတ်ပေးထား မည့် နေထိုင်ခွင့်လက်မှတ် (ဇိုင်ရိယူကဒ်ပြား- Zairyu card) | ဒေသန္တရအစိုးရမှ ထုတ်ပေးထားမည့် အခြေစိုက်နေထိုင်သူ နိုင်ငံ ခြားသား နေထိုင်ခွင့် မှတ်ပုံတင် |
| တရားဝင်နေထိုင်ခွင့်ဗီဇာ မရှိသူများ/အိုဗာစတေးများ အတွက် | ဒေသန္တရအစိုးရမှ ထုတ်ပေးထားသော နိုင်ငံခြားသားမှတ်ပုံတင်ကဒ် (အေလီယံကဒ်) | နေထိုင်ခွင့်လက်မှတ် ထုတ်ပေးမည်မဟုတ် | နိုင်ငံ ခြားသား နေထိုင်ခွင့် မှတ်ပုံတင်ကို ပယ်ဖျက် ပစ်မည်ဖြစ်ပြီး၊ မည်သည့် မှတ်ပုံတင်ခြင်းမျှ ပြုပေး မည်မဟုတ်။ |

## မေးခွန်း(၂)။

ဗီဇာသက်တမ်းတိုး(Viza extention) ဖို့ရယ်၊ နေထိုင်ခွင့်အဆင့်(Residence status)ပြောင်းဖို့ရယ်၊ နေထိုင်ခွင့်လက်မှတ်(Zairyu card) ရယူတာတွေကို ဒေသန္တရလူဝင်မှုကြီးကြပ်ရေးရုံးမှာ တချိန်တည်း၊ တနေရာတည်းလုပ်နိုင်တော့မှာမို့ အရင်ကထက်ပိုပြီး အဆင်ပြေတယ်လို့ မယူဆနိုင်ဘူးလား?

**အဖြေ။** ။ အဲဒီလို မယူဆနိုင်ပါဘူး။ ဘာဖြစ်လို့လဲဆိုရင် ဒေသန္တရလူဝင်မှုကြီးကြပ်ရေးရုံးက နေထိုင်ခွင့် လက်မှတ်(Zairyu card)ထုတ်ပေးလိုက်ပြီးတာနှင့် ခင်ဗျားက ဒေသန္တရအစိုးရရုံး (ရှီယာကုရှော်/ ကုယာကုရှော်)ကိုသွားပြီး မိမိနေထိုင်ရာ နေရာကို အသိပေးအကြောင်းကြားရမှာဦးမှာ ဖြစ်လို့ပါပဲ။
ဒါ့တင်မက၊ ခင်ဗျားက မိမိနာမည်ပြောင်းရင်ဖြစ်ဖြစ်၊ မိမိမွေးသက္ကရာဇ်ပြင်ဆင်ရင်ဖြစ်ဖြစ်၊ စတဲ့ ပြင်ဆင်မှု တွေကို ပြုလုပ်တဲ့အခါ ပြုလုပ်ပြီး(၁၄)ရက်အတွင်း ဒေသန္တရလူဝင်မှုကြီးကြပ်ရေးရုံး(သို့) ဒေသန္တရအစိုးရရုံး (ရှီယာကုရှော်/ ကုယာကုရှော်)ကိုသွားပြီး အသိပေးအကြောင်းကြားဖို့လိုအပ်ပါဦး မယ်။

❖ ဒေသန္တရလူဝင်မှုကြီးကြပ်ရေးရုံးတွင် နေထိုင်ခွင့် လက်မှတ် (Zairyu card) ရယူခြင်း။

A. အသက် (၁၆)နှစ်နှင့်အထက် အမြဲအခြေစိုက်နေထိုင်ခွင့် (Permanent Resident)ရထားသူတဦးသည် (၇)နှစ် ပြည့်သည့်အခါတိုင်း {(၇)နှစ် ပြည့်သည့် မိမိမွေးနေ့တွင်} တကြိမ် ဒေသန္တရလူဝင်မှုကြီးကြပ်ရေးရုံးသို့ သွားပြီး နေထိုင်ခွင့် လက်မှတ်(Zairyu card)ကို အသစ်လဲလှယ်ရမည်။
B. အမြဲ အခြေစိုက် နေထိုင်ခွင့် (Permanent Resident) ရထား သူများမှအပ အခြားအလယ် အလတ်နှင့် ရေရှည် ဂျပန်နိုင်ငံတွင် အခြေစိုက်နေထိုင်ခွင့်ရထားသော နိုင်ငံခြားသားများသည် ဒေသန္တရလူဝင်မှုကြီးကြပ်ရေးရုံးတွင် နေထိုင်ခွင့်ဗီဇာ(Viza extention) သက်တမ်းတိုးအပြီး (သို့) နေထိုင်ခွင့်အဆင့်(Residence status)ပြောင်းလဲ အပြီး၊ နေထိုင်ခွင့် လက်မှတ်(Zairyu card)ကို ရရှိမည်ဖြစ်သည်။
C. နိုင်ငံခြားသားတဦးသည် ဂျပန်နိုင်ငံသို့လာရောက်ပြီး (၃)လအထက်နေထိုင်မည်ဆိုပါက ဂျပန် အပြည်ပြည် ဆိုင်ရာ လေဆိပ်(သို့) သင်္ဘောဆိပ်တွင် လူဝင်မှုကြီးကြပ်ရေးဌာနမှ တရားဝင်ပြည်ဝင်ခွင့်ရရှိသည့်အခါ နေထိုင်ခွင့် လက်မှတ်(Zairyu card)ကို လက်ခံရရှိမည်ဖြစ်ပါသည်။

❖ နေထိုင်ခွင့် လက်မှတ်(Zairyu card) ရယူရန် ပျက်ကွက်ပါက ပေးအပ်မည့် အပြစ်ဒဏ်။

အထက်ဖော်ပြပါ အပိုဒ် A, B, နှင့် C အရ အကယ်၍ သင်က နေထိုင်ခွင့် လက်မှတ်(Zairyu card)ကို လက်ခံရရှိရန် ငြင်းပယ်ခြင်း၊ ပျက်ကွက်ခြင်း ရှိခဲ့ပါက အပြစ်ဒဏ်အဖြစ်(၁)နှစ်ထက်မပိုသော ထောင်ဒဏ်(သို့) ၂၀၀,၀၀၀ (သောင်းနှစ်ဆယ်)ယန်း ထက် မပိုသော ငွေဒဏ်ကို ဒဏ်ခတ်ခြင်းခံရမည်ဖြစ်သည်။ အကယ်၍ ထောင်ဒဏ် အပြစ်ပေးခြင်း ခံခဲ့ရပါက ဂျပန်နိုင်ငံမှ ပြည်နှင်ခြင်းခံရမည် ဖြစ်သည်။

❖ သင်၏ နေထိုင်ခွင့် လက်မှတ်(Zairyu card)ကို သက်တမ်းတိုးရန် ပျက်ကွက်ပါက ပေးအပ်မည့် အပြစ်ဒဏ်။

အသက် (၁၆)နှစ်နှင့်အထက် အမြဲအခြေစိုက်နေထိုင်ခွင့် (Permanent Resident)ရထားသူတဦးသည် (၇)နှစ် ပြည့်အပြီး နေထိုင်ခွင့် လက်မှတ်(Zairyu card)ကိုသက်တမ်းတိုးရန်ပျက်ကွက်ခဲ့ပါက အပြစ်ဒဏ်အဖြစ်(၁)နှစ်ထက် မပိုသော ထောင်ဒဏ်(သို့) ၂၀၀,၀၀၀(သောင်းနှစ်ဆယ်)ယန်း ထက် မပိုသော ငွေဒဏ်ကို ဒဏ်ခတ်ခြင်းခံရမည်ဖြစ်သည်။ အကယ်၍ ထောင်ဒဏ် အပြစ်ပေးခြင်းခံခဲ့ရပါက ဂျပန်နိုင်ငံမှ ပြည်နှင်ခြင်းခံရမည် ဖြစ်သည်။

❖ ဒေသန္တရအစိုးရ (ရှီယာကုရှော်/ ကုယာကုရှော်)ထံသို့ သွားပြီး မိမိနေထိုင်ရာ နေရာကို အသိပေးအကြောင်းကြားရန် လိုအပ်ခြင်း။

သင်ကမိမိနေထိုင်မည့် နေရပ်လိပ်စာအား ရွေးချယ်သတ်မှတ်အပြီး(၁၄)ရက်အတွင်း ဒေသန္တရအစိုးရရုံး (ရှီယာကုရှော်/ ကုယာကုရှော်)ကိုသွားပြီး အသိပေးအကြောင်းကြားရမည်။ ထိုအခါ သင်၏ နေထိုင်ခွင့် လက်မှတ်(Zairyu card)တွင် အဆိုပါ နေရပ်လိပ်စာကို ထည့်သွင်းရိုက်နှိပ်ပေးမည်ဖြစ်ပါသည်။

❖ သင်၏ နေရပ်လိပ်စာအား ဒေသန္တရအစိုးရရုံး (ရှီယာကုရှော်/ ကုယာကုရှော်)ထံ သွားရောက်ပြီး အသိပေးအကြောင်းကြားရန် ပျက်ကွက်ခဲ့ပါက ပေးအပ်မည့် အပြစ်ဒဏ်။

အထက်ဖော်ပြပါ အပိုဒ် A, နှင့် B အရ လုပ်ဆောင်အပြီး၊ အကယ်၍ သင်ကမိမိနေထိုင်မည့် နေရပ်လိပ်စာအားရွေးချယ် သတ်မှတ်လျှက် (၁၄)ရက်အတွင်း ဒေသန္တရအစိုးရရုံး (ရှိယာကုလျော့/ ကုယာကုလျော့)ကိုသွားပြီး အသိပေး အကြောင်း ကြားရန် ပျက်ကွက်ခဲ့ပါက ၂၀၀,၀၀၀(သောင်းနှစ်ဆယ်)ယန်း ထက် မပိုသော ငွေဒဏ်ကို ဒဏ်ခတ်ခြင်းခံရမည်ဖြစ်သည်။

အထက်ဖော်ပြပါ အပိုဒ် C အရ လုပ်ဆောင်အပြီး၊ သင်ကမိမိနေထိုင်မည့် နေရပ်လိပ်စာအားရွေးချယ် သတ်မှတ်လျှက် (၁၄)ရက်အတွင်း ဒေသန္တရအစိုးရရုံး (ရှိယာကုလျော့/ ကုယာကုလျော့)ကိုသွားပြီး အသိပေး အကြောင်းကြားရန် ပျက်ကွက်ခဲ့ပါက ၂၀၀,၀၀၀(သောင်းနှစ်ဆယ်)ယန်း ထက် မပိုသော ငွေဒဏ်ကို ဒဏ်ခတ်ခြင်းခံရမည်ဖြစ်သည်။ အကယ်၍ ရက်ပေါင်း(၉၀)ထက်ကျော်လွန်ပါက နေထိုင်ခွင့်အဆင့်(Residence status) ပယ်ဖျက်ခြင်းခံရမည်ဖြစ်သည်။

- နေရပ်လိပ်စာအသစ်ကို ပြောင်းရွှေ့လိုက်တာနှင့် ဒေသန္တရအစိုးရရုံး (ရှိယာကုလျော့/ ကုယာကုလျော့)ကို သွားပြီး မဖြစ်မနေ အသိပေး အကြောင်းကြားရမည်။

သင်က မြူနီစပယ် မတူသော ရပ်ကွက်သစ်တခုသို့ ရွှေ့ပြောင်းနေထိုင်မည်ဆိုလျှင်၊

1. သင် ယခင်နေထိုင်ခဲ့သော မြူနီစပယ် ရပ်ကွက် ရုံးဟောင်းသို့ သင်က လိပ်စာသစ်သို့ပြောင်းရွှေ့မည့် အကြောင်း ကြားစာကို ပေးအပ်ရမည်။
2. နောက်ပြီး သင် ပြောင်းရွှေ့နေထိုင်မည့် မြူနီစပယ် ရပ်ကွက်သစ်သို့ ပြောင်းရွှေ့နေထိုင်နေပြီဖြစ်ကြောင်း မြူနီစပယ် ရပ်ကွက် ရုံးအသစ်သို့ အကြောင်း ကြားစာကို (၁၄)ရက်အတွင်း ပေးအပ်ရမည်။

အကယ်၍ သင်က လက်ရှိနေထိုင်လျှက်ရှိသော မြူနီစပယ်တူ ရပ်ကွက်အတွင်းပြောင်းရွှေ့ခြင်းဖြစ်ပါက နေရာသစ်သို့ ပြောင်းရွှေ့နေထိုင်နေပြီဖြစ်ကြောင်း အကြောင်း ကြားစာကို မြူနီစပယ်ရပ်ကွက် ရုံးသို့(၁၄)ရက်အတွင်း ပေးအပ် ရမည်။

- သတ်မှတ်ထားသော အချိန်ကာလအတွင်း အသိပေးအကြောင်းကြားရန်ပျက်ကွက်ခဲ့ပါက ပေးအပ်မည့် အပြစ်ဒဏ်။

အကယ်၍ သင်က နေရာလိပ်စာအသစ်သို့ ပြောင်းရွှေ့နေထိုင်နေပြီဖြစ်ကြောင်းနှင့် နေရာဟောင်းမှရွှေ့ပြောင်းခဲ့ပြီ ဖြစ်ကြောင်း အကြောင်းကြားစာကို (၁၄)ရက် အတွင်း အကြောင်းကြားရန် ပျက်ကွက်ခဲ့ပါက အသစ်ပြဌာန်းလိုက်သော အခြေခံနေထိုင်မှု မှတ်ပုံတင်ဥပဒေအရ ရာဇဝတ်မှု မြောက်ပြီး၊ ၅၀,၀၀၀(ငါးသောင်း)ယန်း ထက် မပိုသော ငွေဒဏ်ကိုပေးဆောင်ရမည်ဟု ပြဌာန်း ထားပြီး၊ လူဝင်မှုကြီးကြပ်ရေးဥပဒေအရ ၂၀၀,၀၀၀(သောင်းနှစ်ဆယ်)ယန်း ထက် မပိုသော ငွေဒဏ်ကို ဒဏ်ခတ်ခြင်း ခံရမည်ဖြစ်သည်။ အကယ်၍ ရက်ပေါင်း(၉၀)ထက်ကျော်လွန်ပါက နေထိုင်ခွင့်အဆင့်(Residence status) ပယ်ဖျက်ခြင်းခံရမည်ဖြစ်သည်။

- ဒေသန္တရအစိုးရက တရားရေးဝန်ကြီးဌာနသို့ အကြောင်းကြားစာ ပေးပို့ခြင်း။

ဒေသန္တရအစိုးရက သင်၏ နေထိုင်မှုဆိုင်ရာ သတင်းအချက်အလက်ကို တရားရေးဝန်ကြီးဌာနသို့ မပြတ်ပေးပို့ရန် တာဝန်ရှိပေသည်။

**မေးခွန်း(၃)။**

နေထိုင်ခွင့်လက်မှတ်(Zairyu-card)တွင် မည်သည့်သတင်းအချက်အလက်များ မှတ် တမ်း တင်ပါသလဲ။

**အဖြေ။** ။နေထိုင်ခွင့် လက်မှတ်(Zairyu card)တွင် သင်၏အမည်၊ နိုင်ငံသားအမျိုးအစား စသည့်များအပြင်၊ ဂျပန်အစိုးရအတွက် အရေးကြီးသည့် သင်၏ကိုယ်ရေးကိုယ်တာ သတင်းအချက်အလက်များလည်း ပါဝင်ပါသည်။

နေထိုင်ခွင့် လက်မှတ်(Zairyu card)တွင် အမည်၊မွေးသက္ကရာဇ်၊ ကျား/မ၊ နိုင်ငံနှင့်ဒေသ၊နေရပ်လိပ်စာ၊ နေထိုင်ခွင့်အဆင့် (Residence status)၊ နေထိုင်ခွင့်ကာလ၊ နေထိုင်ခွင့်ပြုသည့် အမျိုးအစား၊ နေထိုင်ခွင့်ပြုသည့် နေ့စွဲ ဆိုလိုသည်မှာ ဂျပန်နိုင်ငံသို့ဝင်ရောက်ခွင့်ပြုသည့် ပါမစ်(Entry Permit) (သို့) နေထိုင်ခွင့်သက်တမ်းတိုးခြင်း၊ နေထိုင်ခွင့် လက်မှတ် (Zairyu card)၏နံပါတ်၊ ထုတ်ပေးသည့်နေ့စွဲ၊ သက်တမ်းကုန်ဆုံးသည့်နေ့၊ နေထိုင်မှုအဆင့် အပေါ်မူတည်ပြီး အလုပ်လုပ် ပိုင်ခွင့်ရှိ၊ မရှိ နှင့် အသိအမှတ်ပြုထားမှု၊ အသိအမှတ်ပြုမထားမှု၊ ယခင်ကပေးထားသော နေထိုင်မှုအဆင့်အရ ခွင့်ပြု ပေးထားသော လုပ်ရှားမှုများအပြင်အပရှိ အခြားလုပ်ရှားမှုများကို ခွင့်ပြုမှုများစသည်တို့ဖြစ်ပါသည်။ အကယ်၍ သင့်အသက် (၁၆)နှစ်ထက်ကျော်လွန်ပါက သင်၏ဓါတ်ပုံကပ်ထားမည်ဖြစ်ပြီး၊ ကဒ်ပြားတွင် မြုပ်နှံထား အိုင်စီ (IC)တွင် ဖော်ပြပါ သတင်း အချက်အလက် အများစုကို ထည့်သွင်းမြုပ်နှံထားမည်ဖြစ်ပါသည်။

နေထိုင်ခွင့် လက်မှတ်(Zairyu card)၏ ပုံစံ



## မေးခွန်း(၄)။

အကယ်၍ သင့်တွင် နေထိုင်ခွင့် လက်မှတ်(Zairyu card)မရှိပါက မည်သို့ဖြစ်လာ မည်နည်း?

အဖြေ။ ။ အကယ်၍ သင်က သင်၏ နေထိုင်ခွင့် လက်မှတ်(Zairyu card)ကို သင်နှင့်တပါတည်းအမြဲ သယ်ဆောင် မလာပါက အကြီးအကျယ် ဒုက္ခကြုံနိုင်ပါသည်။

❖ နေထိုင်ခွင့် လက်မှတ်(Zairyu card)ကို သင်နှင့်တပါတည်းအမြဲ သယ်ဆောင် လာရမည်ဟု ဥပဒေဖြင့် ပြဌာန်းထားပါသည်။

အသက် (၁၆)နှစ်ထက်ကျော်သော ဂျပန်ရောက်နိုင်ငံခြားသား အားလုံးသည် မိမိ၏ နေထိုင်ခွင့် လက်မှတ်(Zairyu card)ကို ယခင်က နိုင်ငံခြားသားမှတ်ပုံတင်ကဒ် (အေလီယံကဒ်)နှင့်အလားတူ မိမိနှင့်တပါတည်းအမြဲ သယ်ဆောင် လာရမည်။ အကယ်၍ ရဲအရာရှိ (သို့) လူဝင်မှုကြီးကြပ်ရေးအရာရှိက ပြသရန်တောင်းဆိုလာပါက ပြသရမည်။

❖ မိမိ၏ နေထိုင်ခွင့် လက်မှတ်(Zairyu card)ကိုပြသရန် ငြင်းဆန်ခြင်း(သို့) မိမိနှင့်တပါတည်းအမြဲ သယ်ဆောင် လာခြင်းမရှိပါက ပေးအပ်မည့် ပြစ်ဒဏ်။

မိမိ၏ နေထိုင်ခွင့် လက်မှတ်(Zairyu card)ကိုသက်ဆိုင်ရာအရာရှိအား ပြသရန် ငြင်းဆန်ပါက အပြစ်ဒဏ် အဖြစ် (၁)နှစ် ထက် မပိုသော ထောင်ဒဏ်(သို့) ၂၀၀,၀၀၀(သောင်းနှစ်ဆယ်)ယန်း ထက် မပိုသော ငွေဒဏ်ကို ဒဏ်ခတ်ခြင်း ခံရမည် ဖြစ်သည်။ အကယ်၍ ထောင်ဒဏ် အပြစ်ပေးခြင်းခံခဲ့ရပါက ဂျပန်နိုင်ငံမှ ပြည်နှင်ခြင်းခံရမည် ဖြစ်သည်။
မိမိ၏ နေထိုင်ခွင့် လက်မှတ်(Zairyu card)ကို မိမိနှင့်တပါတည်းအမြဲ သယ်ဆောင် လာရန်ပျက်ကွက်ပါက ၂၀၀,၀၀၀ (သောင်းနှစ်ဆယ်)ယန်း ထက် မပိုသော ငွေဒဏ်ကို ဒဏ်ခတ်ခြင်း ခံရမည် ဖြစ်သည်။
အကယ်၍ သင်၏ နေထိုင်ခွင့် လက်မှတ်(Zairyu card)ပျောက်ဆုံးသွားပါက ပျောက်ဆုံးကြောင်း သိရအပြီး (၁၄)ရက် အတွင်း ကဒ်ပြားအသစ် ထုတ်ပေးရန် ဒေသန္တရလူဝင်မှုကြီးကြပ်ရေးရုံးသို့လျှောက်ထားရမည်။

- ❖ (၁၄)ရက် အတွင်း ကဒ်ပြားအသစ် ထုတ်ပေးရန် ဒေသန္တရလူဝင်မှုကြီးကြပ်ရေးရုံးသို့ လျှောက်ထား ရန်ပျက်ကွက်ခဲ့ပလျှင်- အပြစ်ဒဏ် အဖြစ် (၁)နှစ် ထက် မပိုသော ထောင်ဒဏ်(သို့) ၂၀၀,၀၀၀ (သောင်းနှစ်ဆယ်)ယန်း ထက် မပိုသော ငွေဒဏ်ကို ဒဏ်ခတ်ခြင်း ခံရမည် ဖြစ်သည်။ အကယ်၍ ထောင်ဒဏ် အပြစ်ပေးခြင်းခံခဲ့ရပါက ဂျပန်နိုင်ငံမှ ပြည်နှင်ခြင်းခံရမည် ဖြစ်သည်။
- ❖ မိမိ၏ နေထိုင်ခွင့် လက်မှတ်(Zairyu card)ကို နေ့တဓူဝ မိမိနှင့်တပါတည်းအမြဲ သယ် ဆောင် ထားပါ။

တရားရေးဝန်ကြီးဌာနအဆိုအရ သင်၏ နေထိုင်ခွင့် လက်မှတ်(Zairyu card)က သင့်တွင် ဂျပန်နိုင်ငံ၌ တရားဝင် နေထိုင်ခွင့်ရှိကြောင်းဖေါ်ပြထားပြီး၊ သင်၏ အသစ်လွင်ဆုံး သတင်းအချက် အလက်များနှင့် အရေးကြီးသော ကိုယ်ရေး ကိုယ်တာ သတင်းအချက်အလက်များပါဝင်နေပါသဖြင့် သင်၏ တရားဝင်နေထိုင်ခွင့်ကို သက်သေခံသည်ဟုဆိုသည်။
ထို့ကြောင့် သင်က အိမ်ခမ်းဌာရမ်းသည့်အခါဖြစ်စေ၊ လက်ကိုင်ဖုန်း ပြုလုပ်သည့်အခါဖြစ်စေ၊ အလားတူ အခြားကိစ္စရပ်များ ကိုဆောင်ရွက်သည့်အခါတိုင်း ဤကဒ်ပြားကို သက်သေခံအဖြစ်ပြသရန်လိုအပ်မည်ဖြစ်ပါသည်ဟု ပြောပါသည်။

❖ အလုပ်ရှာဖွေရရှိရန်အတွက် သင်၏ နေထိုင်ခွင့် လက်မှတ်(Zairyu card)ကို ပြသရန် လိုအပ်ပါမည်။

ဥပဒေသစ်တွင် အလုပ်လုပ် ပိုင်ခွင့်နှင့်ပတ်သက်၍ငြင်း၊ အသိအမှတ်ပြုမှု/မပြုမှု စသည့် အကြောင်းအရာအသစ်များ ပါဝင်နေပါသည်။ အောက်ဖေါ်ပြပါ အချက် (၁)၊(၂)၊(၃) ကို သင်၏နေထိုင်မှုအဆင့်အပေါ်တည်မှီပြီး ထည့်သွင်းဖေါ်ပြ ပါလိမ့်မည်။

(၁)။ အလုပ်လုပ်ခွင့်။

(၂)။ နေထိုင်မှုအဆင့်အလိုက် အလုပ်လုပ်ခွင့် သတ်မှတ်ချက်။

(၃)။ အလုပ်လုပ်ခွင့် မပြုခြင်းနှင့် ယခင်ကပေးထားသော နေထိုင်မှုအဆင့်အရ ခွင့်ပြု ပေးထားသော လှုပ်ရှားမှုများ အပြင်အပရှိ အခြားလှုပ်ရှားမှုများကို ခွင့်ပြုမှုများ။

အထက်ဖော်ပြပါ အချက်များကိုကြည့်ပြီး၊ အလုပ်ရှင်က သင်တွင် အလုပ်လုပ်ခွင့်ရှိ မရှိနှင့် အခြား အကြောင်းများကို လွယ်လင့်တကူ သိနိုင်သည်ဟု တရားရေးဝန်ကြီးဌာနကဆိုပါသည်။

အလုပ်ရှင်က နိုင်ငံခြားသားတဦးတွင် တရားဝင် အလုပ်လုပ်ပိုင်ခွင့် မရှိကြောင်း မသိပါဟူသော ဆင်ခြေမျိုး မပေးနိုင်ရန် ဥပဒေသစ်တွင် အလုပ်ရှင်သည် နိုင်ငံခြားသားတဦးတွင် တရားဝင် အလုပ်လုပ်ပိုင်ခွင့်ရှိ မရှိကို သိရှိရန် သူ၏ နေထိုင်ခွင့် လက်မှတ် (Zairyu card)ကို စစ်ဆေးကြည့်ရှုရမည်ဟု ဖော်ပြထားပါသည်။ အကယ်၍ အလုပ်ရှင်က တရားဝင် အလုပ်လုပ်ပိုင်ခွင့် မရှိသော နိုင်ငံခြားသား တဦးကို အလုပ်ခန့်ခဲ့ပါက ဥပဒေအရ အရေးယူနိုင်သည်။

ဒါ့ကြောင့် သင်က အချိန်ပိုင်း အလုပ်ကိုလုပ်လိုလျှင်ပင် သင်၏ နေထိုင်ခွင့် လက်မှတ် (Zairyu card)ကို ပြသရန် လိုမည် ဖြစ်ပါသည်။ အလုပ်ရှင်ကလည်း သင်တွင် အလုပ်လုပ်ခွင့်ရှိ မရှိနှင့် ယခင်ကပေးထားသော နေထိုင်မှုအဆင့်အရ ခွင့်ပြု ပေးထားသော လှုပ်ရှားမှုများ အပြင်အပရှိ အခြားလှုပ်ရှားမှုများကို ခွင့်ပြုမှုများနှင့် နေထိုင်ခွင့် လက်မှတ် (Zairyu card)၏ သက်တမ်း စသည်တို့ကို စစ်ဆေးပြီးမှ အလုပ်ခန့် ပါလိမ့်မည်။

## မေးခွန်း(၅)။

သင်သာမက သင်ဝင်ရောက်လုပ်ကိုင်နေသော ကုမ္ပဏီ(သို့)အဖွဲ့အစည်းများလည်း သင်နှင့်ပတ်သက်သော သတင်းအချက်အလက်အချို့ကို ဒေသန္တရလူဝင်မှုကြီးကြပ်ရေး ရုံးသို့ အသိပေးရန်လိုအပ်မည်လော?

အဖြေ။ ။ ဟုတ်ပါတယ်၊ အသစ်ပြုပြင်ထားတဲ့ ဥပဒေက သင်နှင့်ပတ်သက်သော အပြောင်းအလဲ အများ အပြားကို သက်ဆိုင်ရာသို့ အသိပေး၊ အကြောင်းကြားဖို့ ညွှန်ကြားထားပါတယ်။ ထို့အပြင်၊ သင်သာမက သင်ဝင်ရောက်လုပ်ကိုင်နေသော(သို့)ပါဝင်ပတ်သက်နေသော ကုမ္ပဏီ(သို့) အဖွဲ့ အစည်းများမှာလည်း သင်နှင့်ပတ်သက်သော သတင်းအချက်အလက်အချို့ကို သက်ဆိုင်ရာသို့ အသိပေးရန် လိုအပ်မှာဖြစပါတယ်။

အကယ်၍ သင်က မိမိ၏ "အမည်"၊ "မွေးသက္ကရာဇ်"၊ "ကျား/မ"၊ နိုင်ငံသား ကဲ့သို့သော အရေးကြီးသည့် ကိုယ်ရေးကိုယ်တာ အချက်အလက်များ အပြောင်းအလဲများရှိပါက (၁၄)ရက်အတွင်း ဒေသန္တရ လူဝင်မှု ကြီးကြပ်ရေးရုံးသို့ သွားရောက်အကြောင်းပြီး နေထိုင်ခွင့် လက်မှတ် (Zairyu card)အသစ်ကို ထုတ်ယူရမည် ဖြစ်ပါသည်။

အကယ်၍ သင်က ထိုသို့ အရေးကြီးသည့် ကိုယ်ရေးကိုယ်တာ အချက်အလက်များ အပြောင်းအလဲများကို (၁၄)ရက်အတွင်း ဒေသန္တရ လူဝင်မှု ကြီးကြပ်ရေးရုံးသို့ သွားရောက်အကြောင်းရန်ပျက်ကွက်ခဲ့ပါက ၂၀၀,၀၀၀ (သောင်းနှစ်ဆယ်)ယန်း ထက် မပိုသော ငွေဒဏ်ကို ဒဏ်ခတ်ခြင်း ခံရမည် ဖြစ်သည်။ ထို့အပြင် ဇယား(၂) ကော်လံ (ဂ)တွင် ဖေါ်ပြထားသည့် အတိုင်း အကယ်၍ သင့်ဗီဇာအဆင့်အတန်းက "ပါမောက္ခ(Professor)" (သို့) ရင်းနှီးမြုပ်နှံ/စီးပွားရေး မန်နေဂျာ (Investor/Business Manager) ...... ကျွမ်းကျင်လုပ်သား (Skilled Labor) ဖြစ်ပါက သင်အလုပ်လုပ်သော အဖွဲ့အစည်း၏ အမည်(သို့)လိပ်စာအပြောင်းအလဲရှိပါက(သို့)သင်က ယင်းအဖွဲ့ အစည်းတွင် ဆက်လက်လုပ်ကိုင်တော့ခြင်းမရှိပါက (၁၄)ရက်အတွင်း ဒေသန္တရလူဝင်မှု ကြီးကြပ်ရေး ရုံးသို့ သွားရောက်အကြောင်းရမည်။ အကယ်၍ သွားရောက်အကြောင်းရန် ပျက်ကွက်ခဲ့ပါက ၂၀၀,၀၀၀ (သောင်းနှစ်ဆယ်)ယန်း ထက် မပိုသော ငွေဒဏ်ကို ဒဏ်ခတ်ခြင်း ခံရမည် ဖြစ်သည်။

## ဇယား(၂)။ ။သင်(သို့)သင့် အဖွဲ့အစည်း(သို့)သင့်အလုပ်ရှင် က အသိပေး အကြောင်းကြားရမည့် အချက်အလက်များစါရင်း။

<table>
<tr><th colspan="2">ဗီဇာအမျိုးအစား</th><th>**က။** နေထိုင်ခွင့် လက်မှတ်တွင် ဖေါ်ပြ ထား သော အချက်အလက်များ *1</th><th>**ခ။** သင်က အသိပေး အကြောင်းကြား ရမည့် အချက်အလက်များ *1</th><th>**ဂ။** သင့် အဖွဲ့အစည်း(သို့) သင့်အ လုပ် ရှင် က အသိပေး အကြောင်းကြားရမည့် အချက်အလက်များ*1</th><th>**ဃ။** အလုပ်လုပ်ခွင့်ရှိ/မရှိ အပြန်လှန်စစ်ဆေးရန် ညွှန်းကြားခြင်း အက်-ဥပဒေ အရ အကြောင်းကြားရမည့် အချက်အလက်များ</th></tr>
<tr><td rowspan="18">အညွှန်း(၁)</td><td>Artist</td><td rowspan="18">1.အမည်<br><br>2. မွေးသက္ကရာဇ်<br><br>3. ကျား/မ<br><br>4. နိုင်ငံသား<br><br>5.နေရပ်<br><br>6.နေထိုင်ခွင့်ပြု အဆင့်<br><br>7.နေထိုင်ခွင့်ပြုကာလနှင့် သက်တမ်းကုန်ဆုံးမည့်အချိန်<br><br>8.ခွင့်ပြုသည့်.အမျိုးအစားနှင့် ခွင့်ပြု သည့်ရက်ဆွဲ<br><br>9.ကဒ်ပြားအမှတ်။ ထုတ်ပေးသည့်ရက် နှင့် ကုန်ဆုံးမည့်ရက်။<br><br>10. နေထိုင်ခွင့်အဆင့်အလိုက်ခွင့်ပြုထားသော အလုပ်လုပ်ခွင့် ရှိမှု၊ မရှိမှုနှင့်</td><td rowspan="4">-</td><td rowspan="4">- *2</td><td rowspan="18">1. အမည်<br><br>2. မွေးသက္ကရာဇ်<br><br>3. ကျား/မ<br><br>4. နိုင်ငံသား<br><br>5. နေထိုင်ခွင့် အဆင့် ၊ (သို့) ယခင်ကပေးထားသော နေထိုင်မှုအဆင့် အရ ခွင့်ပြု ပေးထားသော လုပ်ရှားမှုများ အပြင်အပရှိ အခြားလှုပ်ရှားမှုများကို ခွင့်ပြုမှု၊ ခွင့်မပြုမှု<br><br>6.နေထိုင်ခွင့်သက်တမ်း ကုန်ဆုံးခြင်း။<br>7.နေရပ်လိပ်စာ။</td></tr>
<tr><td>Religious Activities</td></tr>
<tr><td>Journalist</td></tr>
<tr><td>Cultural Activities</td></tr>
<tr><td>Professor</td><td rowspan="9">1. သင်အလုပ်လုပ်သော အဖွဲ့အစည်း၏ အမည်(သို့)လိပ်စာအပြောင်းအလဲ<br><br>2. သင်အလုပ်လုပ်သော အဖွဲ့အစည်း ဖျက်သိမ်းသည့် အချိန်<br><br>3.ဆက်လက်လုပ်ကိုင်ခြင်း မရှိတော့သည့်အချိန်</td><td rowspan="14">1. နိုင်ငံခြားသားကို အလုပ် အလုပ်ခန့်ခြင်းနှင့် အလုပ်ရပ်ဆဲခြင်း။<br><br>2.အလုပ်ခန့်အပ်ခြင်းနှင့်သက်ဆိုင်သည့်အခြား မှတ်ချက်များ။</td></tr>
<tr><td>Investor/Business Manager</td></tr>
<tr><td>Legal/Accounting Services</td></tr>
<tr><td>Medical Services</td></tr>
<tr><td>Instructor</td></tr>
<tr><td>Intra-company transferee</td></tr>
<tr><td>Technical Intern Training</td></tr>
<tr><td>Student</td></tr>
<tr><td>Trainee</td></tr>
<tr><td>Researcher</td><td rowspan="5">1. သင်အလုပ်လုပ်သော အဖွဲ့အစည်း၏ အမည်(သို့)လိပ်စာ အပြောင်းအလဲ<br><br>2. သင်အလုပ်လုပ်သော အဖွဲ့အစည်း ဖျက်သိမ်းသည့် အချိန်</td></tr>
<tr><td>Engineer</td></tr>
<tr><td>Specialist in Humanities/International Services</td></tr>
<tr><td>Entertainer</td></tr>
<tr><td>Skilled Labor</td></tr>
</table>

| | | | | | |
|---|---|---|---|---|---|
| | | အလုပ်ခွင့်ပြုခြင်းဆိုင်ရာကန့်သတ်ချက်များ။<br><br>11. ယခင်ကပေးထားသော နေထိုင်မှုအဆင့်အရ ခွင့်ပြုပေးထားသော လုပ်ရှားမှုများ အပြင်အပရှိ အခြားလှုပ်ရှားမှုများကို ခွင့်ပြုမှု၊ ခွင့် မပြုမှု | 3. ဆက်လက်လုပ်ကိုင်ခြင်း မရှိတော့သည့်အချိန် | | 8.နိုင်ငံခြားသားကို အလုပ်ပေးထားသည့် အဖွဲ့အစည်း၏ နာမည်နှင့်လိပ်စာ<br>9.လုပ်ခလစာ၊ အလုပ်အဆင့်၊ အလုပ်အမျိုးအစား၊ အလုပ်ချိန်နာရီနှင့်<br><br>10.အလုပ်ခန့်သည့် နေ့နှင့် အလုပ်သက်တမ်းကုန်ဆုံးမည့်နေ့။ |
| | Dependent | | သင့်အိမ်ထောင်ဘက် နှင့် ကွာရှင်းပြတ်ဆဲလျှင် (သို့) အိမ်ထောင်ဘက် ကွယ်လွန်လျှင် | | |
| | Designated activities | | | | |
| အညွှန်း (၂) | Spouse or Child of Japanese National | | | - | |
| | Spouse or Child of Permanent Resident | | | | |
| | Permanent Resident | | - | | |
| | | | | | |

*1 ⇨ အသစ်ပြုပြင်ပြဋ္ဌာန်းထားသော လူဝင်မှုကြီးကြပ်ရေး ဥပဒေအရ။

*2 ⇨ အသစ်ပြုပြင်ပြဋ္ဌာန်းထားသော လူဝင်မှုကြီးကြပ်ရေး ဥပဒေပါ ဖော်ပြချက်အရ Artist, Religious Activities, Journalist and Cultural Activities ကဲ့သို့သော ဗီဇာအဆင့်ကိုရရှိထားကြသူများနိုင်ငံခြားသားများကို အလုပ်ပေးထားသော အဖွဲ့အစည်းများအတွက် အလုပ်ခန့်အပ်မှုဆိုင်ရာသတင်းအချက်အလက်များကို ပေးအပ်ရန်လိုသည်ဟုဆိုထားသောငြားလည်း တရားရေးဝန်ကြီးဌာနအဆိုအရ တည်ရှိဆဲသီးခြားအဖွဲ့အစည်းတရပ် ပေါ် အခြေခံထားခြင်းမရှိသည့်အတွက် ပေးအပ်ရန် မလိုပါ။

## နိုင်ငံခြားသားများကို အလုပ်ပေးထားသော အဖွဲ့အစည်းများက သက်ဆိုင်ရာသို့ အသိပေးအကြောင်းကြားရမည့် အချက်အလက်များ။

၂၀၀၇ခုနှစ်၊ အောက်တိုဘာလက အသစ်ပြန်လည်ပြဋ္ဌာန်းခဲ့သော "အလုပ်ခန့်မှုဆိုင်ရာ ကန့်သတ်ထိန်းချုပ်မှုဥပဒေ" အရ ကုမ္ပဏီများနှင့် အဖွဲ့အစည်းများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနနှင့် အလုပ်သမားနှင့်လူမှုဖူလုံရေးဝန်ကြီးဌာနများသို့ ခန့်အပ်ထားသော နိုင်ငံခြားသားတဦးစီ၏ အလုပ်လုပ်ကိုင်သည့်အခြအနေအားလုံးကို [ဇယား(၂)၊ကော်လံ(၇)ကိုကြည့်ပါ] အသိပေးအကြောင်းကြား ရမည်ဖြစ်ပြီး၊ ထိုမှတဆင့် တရားရေးဝန်ကြီးဌာနသို့ ပေးပို့ရမည်ဖြစ်သည်။

ထို့အပြင်၊ အသစ်ပြုပြင်ပြဋ္ဌာန်းထားသော လူဝင်မှုကြီးကြပ်ရေး ဥပဒေပါ ဖော်ပြချက်အရ "Professor", "Investor/Business Manager", ...or "Designated activities (သိုကုဘဲဆု ကဆုဒိုး - သိုကုဒိုးဗီဇာဟု မြန်မာများအကြား အသိများသည့် ဗီဇာအမျိုးအစား)" ကိုင်ဆောင် ထားကြသူများအတွက်မူ ၂၀၀၇ခုနှစ်၊ အောက်တိုဘာလက အသစ်ပြန်လည်ပြဋ္ဌာန်းခဲ့သော "အလုပ်ခန့်မှုဆိုင်ရာ ကန့်သတ်ထိန်းချုပ်မှုဥပဒေ" အရ ခန့်အပ်ထားသော နိုင်ငံခြားသားတဦးစီ၏ အလုပ်လုပ်ကိုင်သည့်အခြအနေအားလုံးကို [ဇယား(၂)၊ကော်လံ(၇)ကိုကြည့်ပါ] အပြင် အခြား အလုပ်ခန့်အပ်ခြင်းဆိုင်ရာ အချက်အလက် အသေးစိတ် ကိုလည်း ဒေသန္တရလူဝင်မှု ကြီးကြပ်ရေး ရုံးသို့ အသိပေးအကြောင်းရမည်ဟုပြဋ္ဌာန်းထားပါသည်။ [ဇယား(၂)၊ကော်လံ(၇)ကိုကြည့်ပါ]

## နိုင်ငံခြားသား စာသင်သားများကို လက်ခံထားကြသော် ပညာရေးဆိုင်ရာအဖွဲ့အစည်းများက လည်း အကြောင်းကြားအသိပေးရမည်။

တရားရေးဝန်ကြီးဌာနအဆိုအရ၊ နိုင်ငံခြားသား စာသင်သားများကို လက်ခံထားကြသော် ဘာသာစကားသင် ကျောင်းများ၊ တက္ကသိုလ်များ၊ အတတ်ပညာသင်ကျောင်းများသည် ပညာရေးဆိုင်ရာအဖွဲ့အစည်းများက နိုင်ငံခြားသား စာသင်သားများ၏ အမည်၊မွေးသက္ကရာဇ်၊ ကျား/မ၊ နိုင်ငံသား၊ နေထိုင်ခွင့်အဆင့်၊ နေထိုင်ခွင့်ပြုကာလ၊ နေထိုင်ခွင့် လက်မှတ် (Zairyu card)နံပါတ်အပြင်ကျောင်းဝင်ခွင့်ပြုသည့်အချိန်၊ ကျောင်းပြီးသည့်အချိန်၊ ကျောင်းထုတ်ပစ်ပါက ထုတ်ပြစ်သည့် ရက်စွဲ၊ ကျောင်းဆက်မတက်ပဲ ပျောက်ဆုံးနေပါက ယင်းသို့ဖြစ်သည့်ရက်စွဲ စသည်များကို မပျက်မကွက် အသေးစိတ် အသိပေး အကြောင်းကြားရမည်ဟု ဆိုပါသည်။

ဇယား(၃)။ ။အလယ်အလတ်နှင့် ရေရှည် ဂျပန်နိုင်ငံတွင် အခြေစိုက်နေထိုင်ခွင့်ရထားသော နိုင်ငံခြားသားများ အတွက် မဖြစ်မနေလိုက်နာရမည့် အချက်များနှင့် လိုက်နာရန်ပျက်ကွက်ပါက ပေးအပ်မည့် ပြစ်ဒဏ်များ။

| | မဖြစ်မနေလိုက်နာရမည့် အချက်များ | လိုက်နာရန်ပျက်ကွက်မှု | ပေးအပ်မည့် ပြစ်ဒဏ်များ။ |
|---|---|---|---|
| အသိပေး အကြောင်းကြားခြင်း | ဂျပန်သို့ရောက်လျှင်ရောက်ခြင်းနေရပ်လိပ်စာကိုအသိပေးခြင်းနှင့် နေရပ်လိပ်စာပြောင်းပါက အသိပေးခြင်း | မမှန်မကန် အသိပေးခဲ့လျှင် | (၁)နှစ် ထက် မပိုသော ထောင်ဒဏ်(သို့) (သောင်းနှစ်ဆယ်)ယန်း ထက် မပိုသော ငွေဒဏ် |
| | | | နေထိုင်ခွင့် ဗီဇာ ရုပ်သိမ်းခြင်း |
| | | | ထောင်ဒဏ် အပြစ်ပေးခြင်းခံခဲ့ရပါက ပြည်နှင်ခြင်း |
| | | အသိပေးရန် နောက်ကျခဲ့လျှင် | (၁၄)ရက်ထက်ကျော်လွန်ပါက (သောင်းနှစ်ဆယ်)ယန်း ထက် မပိုသော ငွေဒဏ် |
| | | | (၉၀)ရက်ထက်ကျော်လွန်ပါက နေထိုင်ခွင့် ဗီဇာ ရုပ်သိမ်းခြင်း |
| | နေထိုင်ခွင့်အဆင့်အတန်း (သို့) ဆက်သွယ်လုပ်ကိုင်သည့်အဖွဲ့အစည်းပြောင်းပါက အသိပေးခြင်း (သို့) သင့်အိမ်ထောင်ဘက် နှင့် ကွာရှင်းပြတ်ဆဲလျှင် (သို့) အိမ်ထောင်ဘက် ကွယ်လွန်လျှင် အသိပေးခြင်း | မမှန်မကန် အသိပေးခဲ့လျှင် | (၁)နှစ် ထက် မပိုသော ထောင်ဒဏ်(သို့) (သောင်းနှစ်ဆယ်)ယန်း ထက် မပိုသော ငွေဒဏ် |
| | | | ထောင်ဒဏ် အပြစ်ပေးခြင်းခံခဲ့ရပါက ပြည်နှင်ခြင်း |
| | | အသိပေးရန် နောက်ကျခဲ့လျှင် | (၁၄)ရက်ထက်ကျော်လွန်ပါက (သောင်းနှစ်ဆယ်)ယန်း ထက် မပိုသော ငွေဒဏ် |

| | | | |
|---|---|---|---|
| နေထိုင်ခွင့် လက်မှတ် (Zairyu card) | ကဒ်ပြားလက်ခံရရှိကြောင်း ဒေသအာဏာပိုင်များသို့ အသိပေးခြင်း | ကဒ်ပြားလက်ခံ မရရှိ ခဲ့လျှင် | (၁)နှစ် ထက် မပိုသော ထောင်ဒဏ်(သို့) (သောင်းနှစ်ဆယ်)ယန်း ထက် မပိုသော ငွေဒဏ် |
| | | | ထောင်ဒဏ် အပြစ်ပေးခြင်းခံခဲ့ရပါက ပြည်နှင်ခြင်း |
| | ကဒ်ပြားကို မိမိနှင့်တပါတည်း အမြဲ ယူဆောင်လာရန် လိုအပ်ခြင်း | ယူဆောင်လာရန် ပျက်ကွက်ခဲ့လျှင် | (သောင်းနှစ်ဆယ်)ယန်း ထက် မပိုသော ငွေဒဏ် |
| | သင့်ကဒ်ပြားကို သက်ဆိုင်ရာ အာဏာပိုင်က ပြသရန် တောင်းဆိုလာလျှင် ပြသခြင်း | ပြသရန် ငြင်းဆန် ခဲ့လျှင် | (၁)နှစ် ထက် မပိုသော ထောင်ဒဏ်(သို့) (သောင်းနှစ်ဆယ်)ယန်း ထက် မပိုသော ငွေဒဏ် |
| | | | ထောင်ဒဏ် အပြစ်ပေးခြင်းခံခဲ့ရပါက ပြည်နှင်ခြင်း |
| | သင့်ကဒ်ပြား သက်တမ်းကုန်ဆုံးလျှင် သက်တမ်းတိုးခြင်း | သက်တမ်းတိုးရန် နောက်ကျခဲ့လျှင် | (၁)နှစ် ထက် မပိုသော ထောင်ဒဏ်(သို့) (သောင်းနှစ်ဆယ်)ယန်း ထက် မပိုသော ငွေဒဏ် |
| | | | ထောင်ဒဏ် အပြစ်ပေးခြင်းခံခဲ့ရပါက ပြည်နှင်ခြင်း |
| | သင့်ကဒ်ပြားပျောက်ဆုံးခြင်း စသည်များ ဖြစ်ခဲ့လျှင် ကဒ်ပြားအသစ် လျှောက်ထား ရယူခြင်း | ကဒ်ပြားအသစ် လျှောက်ထား ရယူရန် ပျက်ကွက်ခဲ့လျှင် | (၁၄)ရက်ထက်ကျော်လွန်ပါက (၁)နှစ် ထက် မပိုသော ထောင်ဒဏ်(သို့) (သောင်းနှစ်ဆယ်)ယန်း ထက် မပိုသော ငွေဒဏ် |
| | | | ထောင်ဒဏ် အပြစ်ပေးခြင်းခံခဲ့ရပါက ပြည်နှင်ခြင်း |
| | သင့်ကဒ်ပြား ပျက်စီးခြင်း စသည်များ ဖြစ်ခဲ့လျှင် ကဒ်ပြားအသစ် လျှောက်ထား ရယူခြင်း | ကဒ်ပြားအသစ် လျှောက်ထား ရယူရန် ပျက်ကွက်ခဲ့လျှင် | (၁၄)ရက်ထက်ကျော်လွန်ပါက (၁)နှစ် ထက် မပိုသော ထောင်ဒဏ်(သို့) (သောင်းနှစ်ဆယ်)ယန်း ထက် |

| | | | |
|---|---|---|---|
| | | | မပိုသော ငွေဒဏ် |
| | | | ထောင်ဒဏ်<br>အပြစ်ပေးခြင်းခံခဲ့ရပါက<br>ပြည်နှင်ခြင်း |
| | ကဒ်ပြားပြန်လည်အပ်နှံခြင်း | ပြန်လည်အပ်နှံရန်နောက်ကျခဲ့လျှင် | (၁၄)ရက်ထက်ကျော်လွန်ပါက<br>(သောင်းနှစ်ဆယ်)ယန်း ထက်<br>မပိုသော ငွေဒဏ် |

မေးခွန်း(၆)။

## နိုင်ငံခြားသားများနှင့်ပတ်သက်သည့် သတင်းအချက်အလက် တလျှောက်ကြီးကို တရားရေးဝန်ကြီးဌာနက မည်သို့ ကိုင်တွယ် ပါမည်နည်း?

အဖြေ။ ။ တရားရေးဝန်ကြီးဌာနအဆိုအရ နိုင်ငံခြားသားများက ဗီဇာသက်တမ်းတိုးလျှောက်ထားလျှင်ဖြစ်စေ၊ နေထိုင်မှု အဆင့်အပြောင်းအလဲအတွက် လျှောက်ထားလာလျှင်ဖြစ်စေ (သို့) နေထိုင်ခွင့်ကိုရုပ်သိမ်းရန်စဉ်းစားသည့်အခါဖြစ်စေ၊ ဝန်ကြီးဌာနက ရယူထားသော ကိုယ်ရေးကိုယ်တာ အချက်အလက်များအားလုံးကို လွှမ်းခြုံထည့်သွင်းစဉ်းစားမည် ဆိုပါသည်။

ဤနိုင်ငံခြားသားနေထိုင်မှု စီမံခန့်ခွဲရေးစနစ်သစ်အရ သင်နှင့် ပတ်သက်သော တိကျသည့် ကိုယ်ရေးကိုယ်တာ သတင်းအချက် အလက်များကို တရားရေး ဝန်ကြီးဌာန လက်အောက်ရှိ လူဝင်မှုကြီးကြပ်ရေးဗျူရိုက စဉ်ဆက်မပြတ် စုစည်းထားရှိမည်ဖြစ်ပါသည်။ ထို့

အပြင်၊ တရားရေးဝန်ကြီးဌာနတွင် သင်က ဂျပန်နိုင်ငံသို့ ဝင်ထွက်သွားလာသောမှတ်တမ်းများမှ သင်ဂျပန်နိုင်ငံသို့ ဝင်ရောက်မှုနှင့် ထွက်ခွါမှုတို့နှင့် ဆက်နွယ်သော ပြည်နှင်ခံရခြင်း၊ သင်၏ လက်ဗွေနှင့် သင်ဓါတ်ပုံ(မျက်နှာ)တို့ကို မှတ်တမ်းရှိနှင့်နေပြီဖြစ်ရုံမက ဘလက်လစ် (Blacklist)များပါရှိနှင့်နေပြီဖြစ်ပါသည်။

## ကျယ်ပြန့်ထိရောက်သော စုံစမ်းစစ်ဆေးပိုင်ခွင့်အာဏာများ။

ထိုမျှသာမက သင်နှင့်ပတ်သက်သော သတင်းအချက်အလက်များကို အဆက်မပြတ် စုစည်းထားနိုင်နေပြီဖြစ်သဖြင့် အသစ်ပြုပြင်ပြဌာန်း ထားသော လူဝင်မှုကြီးကြပ်ရေး ဥပဒေအရ တရားရေးဝန်ကြီးဌာနသို့ အလွန်ကျယ်ပြန့်သော စုံစမ်းစစ်ဆေးခွင့်အာဏာကိုပေးအပ်ထားပြီး ဖြစ်ပါသည်။ ဒေသန္တရလူဝင်မှုကြီးကြပ်ရေးဗျူရိုတွင် လူများကို မေးမြန်းစစ်ဆေးရန် ခေါ်ယူပိုင်ခွင့်(သို့) စာဖြင့်ရေးသားတင်ပြရန် တောင်းဆို ပိုင်ခွင့်များ ရှိနေပါပြီ။ ဤလုပ်ပိုင်ခွင့်တွင် သင်တဦးတည်းသာမက သင်နှင့်ပတ်သက်သူများပင် အကြုံးဝင်နေပါသည်။

အသစ် ပြုပြင်ပြဌာန်း ထားသော လူဝင်မှုကြီးကြပ်ရေး ဥပဒေအရ တရားရေးဝန်ကြီးဌာနတွင် သင့်ကို နိုင်ငံခြားသား နေထိုင်ခွင့်လက်မှတ် (jumin-hyo for a foreign resident) ထုတ်ပေးထားသော ဒေသန္တရအစိုးရကထံမှ ဖြစ်စေ၊ အခြားအဖွဲ့အစည်းများ(ဥပမာ-အလုပ်ရှင်) ထံမှဖြစ်စေ အခြားသိလိုသော သင်နှင့်ပတ်သက်သည့် သတင်းအချက်အလက်များကို တောင်းဆိုပိုင်ခွင့်အာဏာလည်းရှိနေပါသည်။

## စုံစမ်းစစ်ဆေးလိုသည့်အခါ စုဆောင်းရယူထားသော သတင်းအချက်အလက်များကို နှိုင်းယှဉ် ကြည့်ရန် အသုံးပြု နိုင်ခြင်း။

တရာရေးဝန်ကြီးဌာနသည် စုဆောင်းရရှိထားသော ကိုယ်ရေးကိုတာ သတင်းအချက်အလက်များကို အောက်ပါနည်းလမ်းများဖြင့် နှိုင်းယှဉ် ကြည့်နိုင်ပါသည်။ ဥပမာ - ဇယား(၂)၊ ကော်လံ(ခ)ပါ အချက်အလက်များကို အခြားသက်ဆိုင်ရာ အဖွဲ့အစည်းများထံက ရယူထားသော ဇယား(၂)၊ ကော်လံ(ဂ) (သို့) (ဃ)ပါ အချက်အလက်များနှင့် နှိုင်းယှဉ်စစ်ဆေးနိုင်သည်။ ဤနည်းဖြင့် တရာရေးဝန်ကြီး ဌာနက သင်၏ ဗီဇာသက်တမ်းတိုးခြင်း၊ နေထိုင်ခွင့်အဆင့်ပြောင်းခြင်း (သို့)နေထိုင်ခွင့် ဗီဇာရုပ်သိမ်းခြင်းတို့ကို စဉ်းစားဆုံးဖြတ်ရာတွင် အသုံးပြုနိုင်ပါသည်။

မေးခွန်း(၇)။

နေထိုင်ခွင့်အဆင့်အတန်းရုပ်သိမ်းခြင်းဆိုသည်ကား မည်သို့အဓိပ္ပါယ်ဆောင်ပါသနည်း?

အဖြေ။ ။အမှန်စင်စစ် နေထိုင်ခွင့်အဆင့်အတန်းရုပ်သိမ်းခြင်းဆိုသည်မှာ နိုင်ငံခြားသားတယောက် ဂျပန်နိုင်ငံတွင် နေထိုင်မှု ဘဂ ရုပ်သိမ်း ယူငင်ခံရခြင်း၏ ပထမအဆင့် ပင်ဖြစ်ပါသည်။

နေထိုင်ခွင့်အဆင့်အတန်းရုပ်သိမ်းခြင်း စနစ်ကို ၂၀၀၄ခုနှစ်တွင် ပြဌာန်းခဲ့သော အသစ်ပြုပြင်ပြဌာန်းထားသောလူဝင်မှုကြီးကြပ်ရေး ဥပဒေသစ်ဖြင့်ပြဌာန်းခဲ့ပါသည်။ အကယ်၍ သင်သည် သင်၏ (၃)လနှင့်အထက် သက်တမ်းရှိသော နေထိုင်ခွင့် အဆင့်က ပြဌာန်းခွင့်ပြု ထားသည့် လုပ်ဆောင်မှုများကို လုပ်ဆောင်ရန်ပျက်ကွက်ပါက သင်၏ နေထိုင်ခွင့်အဆင့်အတန်းကို တရားရေးဝန်ကြီးဌာန က ရုပ်သိမ်း ပိုင်ခွင့်ရှိပါသည်။

ထို့အပြင် အသစ်ပြုပြင်ပြဌာန်းထားသောလူဝင်မှုကြီးကြပ်ရေး ဥပဒေသစ်အရ တရားရေးဝန်ကြီးဌာနက အောက်ဖေါ်ပြပါ အမှုကိစ္စများတွင် သင်၏ နေထိုင်ခွင့်အဆင့်အတန်းကို ရုပ်သိမ်း ပိုင်ခွင့်ရှိပါသည်။

.....(၅)။ ။ အထူးနေထိုင်ခွင့်(SS) (သို့) ဒုက္ခသည်အသိအမှတ်ပြုအဆင့်အတန်း(Refugee status)ကို လိမ်လည်လှည့်ဖျား၍ ရယူခဲ့ခြင်း ဖြစ်ပါက တရားရေးဝန်ကြီးဌာနတွင် သင်၏ နေထိုင်ခွင့်အဆင့်အတန်းကို ရုပ်သိမ်း ပိုင်ခွင့် ရှိပါသည်။

(၇)။ ။ ဂျပန်နိုင်ငံသား၏ အိမ်ထောင်ဘက်(သို့)သား၊သမီး (သို့) အမြဲအခြေစိုက်နေထိုင်ခွင့် (Permanent Resident) ရထားသူ၏ အိမ်ထောင်ဘက်(သို့)သား၊သမီးသည် (၆)လနှင့်အထက် အိမ်ထောင်ဘက်ဖြစ်ခြင်း အပြုအမူအနေအထိုင်ကို (တရားနည်းလမ်းကျသော ခိုင်လုံသည့်အကြောင်းရင်းမရှိပဲ) လုပ်ဆောင်ရန် ပျက်ကွက်ခဲ့ပါက တရားရေးဝန်ကြီးဌာနတွင် နေထိုင်ခွင့် အဆင့် အတန်းကို ရုပ်သိမ်း ပိုင်ခွင့်ရှိပါသည်။

(၈)။ ။ နိုင်ငံခြားသားတယောက်သည် ဂျပန်နိုင်ငံသို့ပြည်ဝင်ခွင့်ရရှိခဲ့ပြီး၊ နေထိုင်ခွင့် လက်မှတ် (Zairyu card)ထုတ်ယူပြီးနောက် ရက်ပေါင်း(၉၀)အတွင်း နေရပ်လိပ်စာကို အသိပေးအကြောင်းကြားရန်(တရားနည်းလမ်းကျသော ခိုင်လုံသည့်အကြောင်းရင်းမရှိပဲ) ပျက်ကွက်ခဲ့ပါက တရားရေးဝန်ကြီးဌာနတွင် ထိုသူ၏ နေထိုင်ခွင့်အဆင့်အတန်းကို ရုပ်သိမ်း ပိုင်ခွင့်ရှိပါသည်။

(၉)။ ။ နိုင်ငံခြားသားတယောက်သည် နေရပ်လိပ်စာအသစ်သို့ပြောင်းရွှေ့ခဲ့ပြီး ရက်ပေါင်း (၉၀)အတွင်း ထိုသို့ပြောင်းရွှေ့ခဲ့ပြီး ကြောင်းကို သက်ဆိုင်ရာမြူနီစီပယ်ရုံး (ရှိယာကုရှော်/ ကုယာကုရှော်)အသစ်သို့ (တရားနည်းလမ်းကျသော ခိုင်လုံသည့် အကြောင်းရင်း မရှိပဲ) အကြောင်းကြားရန်ပျက်ကွက်ပါက တရားရေးဝန်ကြီးဌာနတွင် ထိုသူ၏ နေထိုင်ခွင့်အဆင့်အတန်းကို ရုပ်သိမ်း ပိုင်ခွင့်ရှိပါသည်။

(၁၀)။ ။ နိုင်ငံခြားသားတယောက်သည် နေရပ်လိပ်စာအတု(သို့)အမှားကို သက်ဆိုင်ရာသို့ အသိပေး အကြောင်းကြားခဲ့သော် ထိုသူ၏ နေထိုင်ခွင့်အဆင့်အတန်းကို ရုပ်သိမ်း ပိုင်ခွင့်ရှိပါသည်။

ဤအသစ်ပြုပြင်ပြဌာန်းထားသောလူဝင်မှုကြီးကြပ်ရေး ဥပဒေသစ်ကို ဥပဒေကြမ်းပြုသူများက ပေးသည့် "တရားနည်းလမ်းကျသော ခိုင်လုံသည့် အကြောင်းရင်း"နှင့်ပတ်သက်သည့် ဥပမာတချို့ကို အောက်တွင်ဖေါ်ပြထားပါသည်။

အထက်တွင်ဖေါ်ပြထားသော အမှတ်(၇)အတွက်၊ ဂျပန်နိုင်ငံသားနှင့် ကလေးအုပ်ထိမ်းခွင့်ဆိုင်ရာအမှုအတွက် တရားရင်ဆိုင်နေရဆဲ ကဲ့သို့သော အကြောင်းပြချက်ဖြစ်ပါက "တရားနည်းလမ်းကျသော ခိုင်လုံသည့် အကြောင်းရင်း"ဟုသတ်မှတ်သည်။

အထက်တွင်ဖော်ပြထားသော အမှတ်(၈)အတွက်၊ နိုင်ငံခြားသားတယောက်သည် အပြင်းအထန် မမာမကျန်း ဖြစ်၍ ရက်ရှည်ဆေးရုံတက်နေရပြီး၊ မိမိကိုယ်စား အကြောင်းကြားပေးမည့်သူ မရှိဖြစ်နေလျှင် "တရားနည်းလမ်းကျသော ခိုင်လုံသည့် အကြောင်းရင်း"ဟု သတ်မှတ်သည်။

အထက်တွင်ဖော်ပြထားသော အမှတ်(၉)အတွက်၊ နိုင်ငံခြားသားတယောက်သည် ငွေရေးကြေးရေး အကျပ်အတည်း အကြီးအကျယ်တွေ့ နေရခြင်းကဲ့သို့သော အကြောင်းကြောင့် သူ/သူမ နေထိုင်ရာ အိမ်ဆုံးရှုံးသွားကဲ့သို့သော အကြောင်းပြချက်ဖြစ်ပါက "တရားနည်းလမ်း ကျသော ခိုင်လုံသည့် အကြောင်းရင်း"ဟုသတ်မှတ်သည်။

မှတ်ချက်။ ။ နေထိုင်ခွင့်အဆင့်အတန်းကို ရုပ်သိမ်းခံရခဲ့ပါက မည်သို့အသစ်ပြန်လည်လျှောက်ရမည်ဆိုသည်နှင့် ပတ်သက်ပြီး တရားရေးဌာနက ရှင်းလင်းတိကျသော လုပ်ထုံးလုပ်နည်းကို ယခုတိုင်ထုတ်ပြန်ခြင်း မရှိသေးပါ။

## နိုင်ငံကူးပြောင်းလာသူ အမျိုးသမီးများ၏ ဆက်လက်နေထိုင်ခွင့် အခွင့်အရေး။

[ဇယား(၂)၊ကော်လံ(ခ)] ပါ ဂျပန်နိုင်ငံသား၏ အိမ်ထောင်ဘက်(သို့)သား၊သမီး (သို့) အမြဲအခြေစိုက်နေထိုင်ခွင့် (Permanent Resident) ရထားသူ၏ အိမ်ထောင်ဘက်(သို့)သား၊သမီးအဆင့်ကိုရရှိထားသော နိုင်ငံကူးပြောင်းလာသူ အမျိုးသမီးများသည် ကွာရှင်းပြတ်ဆဲခဲ့လျှင်ဖြစ်စေ၊ အိမ်ထောင်ဘက် ကွယ်လွန်အနိစ္စရောက်လျှင်ဖြစ်စေ၊ (၁၄)ရက်အတွင်း ဒေသန္တရ လူဝင်မှုကြီးကြပ်ရေးရုံးသို့ သွားရောက်အကြောင်းရမည်ဖြစ်ပါသည်။

## အထက်ဖော်ပြပါ အပြောင်းအလဲများကို အချိန်မီ အကြောင်းကြားရန်ပျက်ကွက်ခဲ့ပါက ပေးအပ်မည့်အပြစ်ဒဏ်။

အထက်ဖော်ပြပါ အပြောင်းအလဲများကို (၁၄)ရက်အတွင်း အကြောင်းကြားရန်ပျက်ကွက်ခဲ့ပါက (သောင်းနှစ်ဆယ်)ယန်း ထက် မပိုသော ငွေဒဏ်ကို ပေးဆောင်ရပါမည်။

ထို့အပြင်၊ အပိုဒ်(၇)တွင် ဖော်ပြထားသည့်အတိုင်း ဂျပန်နိုင်ငံသား၏ အိမ်ထောင်ဘက်(သို့)သား၊သမီး (သို့) အမြဲအခြေစိုက်နေထိုင်ခွင့် (Permanent Resident) ရထားသူ၏ အိမ်ထောင်ဘက်(သို့)သား၊သမီးသည် အဖြစ်နေထိုင်ခွင့် အဆင့်အတန်းကို ရုပ်သိမ်းခံရပါမည်။
ဥပမာ- ။ နိုင်ငံခြားသား အမျိုးသမီးတယောက်သည် (၆)လနှင့်အထက် အိမ်ထောင်ဖြစ်ခြင်း အပြုအမူအနေအထိုင်ကို (တရားနည်းလမ်းကျသော ခိုင်လုံသည့်အကြောင်းရင်းမရှိပဲ) လုပ်ဆောင်ရန် ပျက်ကွက်ခဲ့ပါက တရားရေးဝန်ကြီးဌာနတွင် နေထိုင်ခွင့် အဆင့် အတန်းကို ရုပ်သိမ်းခံရမည့်အပြင် နိုင်ငံရင်းသို့နှင်ထုတ်ခြင်း လုပ်ငန်းစဉ် စတင်မည်ဖြစ်သည်။
သို့သော်၊ ဤအသစ်ပြုပြင်ပြဌာန်းထားသောလူဝင်မှုကြီးကြပ်ရေး ဥပဒေသစ်တွင်မူ နေထိုင်ခွင့် အဆင့် အတန်းကို ရုပ်သိမ်းခံခဲ့ရပါက တရားရေးဝန်ကြီးဌာနက အမြဲ နှစ်ရှည်နေထိုင်ခွင့် (Long-term Resident) (သို့)အခြေစိုက်နေထိုင်ခွင့် (Permanent Resident) လျှောက်ထားနိုင်သည့် အခွင့်အရေးပေးမည်ဟု ဖော်ပြထားပါသည်။
သို့ဖြစ်၍ နေထိုင်ခွင့် အဆင့် အတန်းကို ရုပ်သိမ်းခံခဲ့ရပါက တရားရေးဝန်ကြီးဌာနက အဆိုပါအမျိုးသမီးနေထိုင်ရာ ဒေသန္တရ အစိုးရရုံးသို့ အကြောင်းကြားပြီး သူမအား နိုင်ငံခြားသား နေထိုင်ခွင့်မှတ်ပုံတင်စါရင်းမှ ဖျက်ပယ်ရန် တောင်းဆိုမည်ဖြစ်ပါသည်။

## မတူညီသော "ထိမ်းမြားလက်ထပ်ပေါင်းသင်းနေထိုင်ခြင်း" ပုံစံများ။

"ထိမ်းမြားလက်ထပ်ပေါင်းသင်းနေထိုင်ခြင်း" ပုံစံများ အသွင်အမျိုးမျိုးနှင့် ရှိနေသော ယခုလိုခေတ်သစ်တွင် "အိမ်ထောင်ဘက်ဖြစ်ခြင်း အပြုအမူအနေအထိုင်ကိုဖြည့်စည်း လုပ်ဆောင်ရန် ပျက်ကွက်ခြင်း"ကို အဓိပ္ပါယ်ဖွင့်ဆိုရန်ခက်ခဲလှပါသည်။ သို့ပင်သော်ငြားလည်း၊ တရားရေးဝန်ကြီးဌာနက အောက်ဖော်ပြပါ အချက်အလက်အကျိုးအကြောင်းများကို ပြည့်စုံကောင်းမွန်စွာ ထည့်သွင်းစဉ်းစားပြီး၊ ဆုံးဖြတ်ပြဌာန်းမှုကိုလုပ်မည်ဟု ဆိုပါသည်။

- အဆိုပါဇနီးမောင်နှံက အတူတကွနေထိုင်ခြင်းရှိ၊မရှိ။
- အကယ်၍ တသီးတခြားနေထိုင်ပါက တဦးနှင့်တဦး အဆက်အသွယ် (မကြာခဏ) ရှိ၊မရှိ။

- အဆိုပါဇနီးမောင်နှံက ကုန်ကျစရိတ်များကို မည်သို့မည်ပုံကျခံသုံးစွဲပုံ၊
- လိင်မတူသူ တစ်မိးတယောက်က အတူနေခြင်းရှိမရှိ စသည်များ။

မည်သို့ပင်ဆိုစေ၊ တရားရေးဂန်ကြီးဌာနက အချိန်များစွာ မယုံကြည်နိုင်လောက်အောင် အကြောင်းအကျိုးမဲ့ ဆုံးဖြတ်ပြဌာန်းပြီး အိမ်ထောင်ဘက်ဗီဇာကို ရုပ်သိမ်းလျှက် ပြည်နှင်ဒဏ်ပေးခဲ့သည့် အမှုများစွာရှိခဲ့ပါသည်။

မေးခွန်း(၈)။

## နိုင်ငံခြားသား နေထိုင်မှုမှတ်ပုံတင် (jumin-hyo for a foreign resident)ဆိုသည်မှာ မည်သို့သော အရာနည်း?

အဖြေ။ ။ နိုင်ငံခြားသားနေထိုင်မှုမှတ်ပုံတင် (jumin-hyo for a foreign resident)ဆိုသည်မှာ သင်ကို သင်နေထိုင်ရာ အရပ်ရှိ ဒေသန္တရအစိုးရက ဂျပန်နိုင်ငံသားများနှင့်အလားတူနီးပါး သင်နှင့် သင့်မိသားစုကို မှတ်ပုံတင်ပေးထားခြင်းကို ဆိုလိုပါသည်။ ယခုအချိန်အထိ အုပ်ချုပ်ရေးဆိုင်ရာ ဝန်ဆောင်မှုများနှင့်အခွန်ကောက်ခံမှုများအလို့ငှာ ဒေသန္တရအစိုးရများက ဂျပန်နိုင်ငံသားများကို "အခြေခံ နေထိုင်မှုမှတ်ပုံတင်အက်ဥပဒေ( မြန်မာနိုင်ငံက ပုံစံ(၁၀)၊အိမ်ထောင်စုဇယားနှင့်အလားတူ)အရ သီးခြားမှတ်ပုံတင်ပေးပြီး၊ နိုင်ငံခြားသားများကိုမူ နိုင်ငံခြားသားမှတ်ပုံတင်အက်ဥပဒေအရ သီးခြားမှတ်ပုံတင်လျှက်ရှိနေပါသည်။

### နေထိုင်မှုမှတ်ပုံတင်ခြင်း။

အခြေခံ နေထိုင်မှုမှတ်ပုံတင်အက်ဥပဒေက ဂျပန်နိုင်ငံသားများကို အိမ်ထောင်စုတခုစီအလိုက် မှတ်ပုံတင်ပေးပါသည်။ အခြေခံ နေထိုင်မှု မှတ်ပုံတင်ခြင်းတွင် အိမ်ထောင်စု တခုတွင် ပါဝင်သူများကို အမည်၊ မွေးသက္ကရာဇ်နှင့်ကျား/မ တို့ကိုထည့်သွင်းထားသလို၊ နေရပ်ကိုလည်းတည့်သွင်းပါသည်။ ဤသို့ မှတ်တမ်းတင်ထားခြင်းက အာဏာပိုင်များကို အောက်ဖေါ်ပြပါ ဝန်ဆောင်မှုလုပ်ငန်းများ ပေးအပ်ရန်နှင့် အဆိုပါ ဝန်ဆောင်မှုလုပ်ငန်းများအတွက် ပါဝင်ခွင့်ရရှိရန် အသုံးပြုစေပါသည်။ ယင်းတို့မှာ-

- အမျိုးသားကျန်းမာရေးအာမခံစနစ် အတွင်းဝင်ခွင့်ပြုရန်။
- သက်ရွယ်ကြီးရင့်လာသည့်အခါ ပေးအပ်သည့် သက်ကြီးကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း။
- ရေရှည် စောင့်ရှောက်မှုအာမခံလုပ်ငန်း။
- အမျိုးသား ပင်စင် စနစ်တွင် ပါဝင်ခွင့်ရရေး။
- ကလေးထောက်ပံ့ကြေးပေးရေးလုပ်ငန်း။
- ကျောင်းနေအရွယ်ကလေးသူငယ်များကို ကျောင်းနေခွင့်ရရှိစေရန်မှတ်ပုံတင်ပေးခြင်း။
- လူထုအထောက်အပံ့ရရှိစေရေး။
- ကာကွယ်ဆေးထိုးနှံခွင့်ရရှိရေးနှင့်
- ဟန်ကောဟုလူသိများသော အမည်နာမ တံဆိပ်တုံး မှတ်ပုံတင်ရေးများဖြစ်ကြပါသည်။

သို့သော် အသစ်ပြုပြင်ပြဌာန်းထားသော လူဝင်မှုကြီးကြပ်ရေး ဥပဒေအသက်ဝင်ခြင်း မရှိသေးမီ နိုင်ငံခြားသားများက အထက်ပါ အခွင့်အရေးများ ရရှိနိုင်ဦးမည် မဟုတ်သေးပါ။

### နိုင်ငံခြားသားများအတွက် နိုင်ငံခြားသားနေထိုင်ခွင့်လက်မှတ် (jumin-hyo for a foreign resident)

အသစ်ပြုပြင်ပြဌာန်းထားသော လူဝင်မှုကြီးကြပ်ရေး ဥပဒေအရ သင့်ကို အခြေခံ အိမ်ထောင်စုမှတ်ပုံတင်စါရင်းမှာ မှတ်ပုံတင်ပေးမှာ ဖြစ်ပါတယ်။ ဤသို့မှတ်ပုံတင်မှုကို အလယ်အလတ်နှင့် ရေရှည် ဂျပန်နိုင်ငံတွင် အခြေစိုက်နေထိုင်ခွင့်ရထားသော နိုင်ငံခြားသားများ အတွက်သာမက ယာယီနေထိုင်ခွင့်(ကာရီထိုင်းဆိုင်)ရထားသူ ဒုက္ခသည်အဖြစ်လျှောက်ထားဆဲပုဂ္ဂိုလ်များ (သို့) နိုင်ငံခြားသား နေထိုင်ခွင့် လက်မှတ် (Residence card)မရသေးသော ဂျပန်နိုင်ငံအတွင်းဝင်ရောက်ခွင့်နှင့် ယာယီခိုလှုံခွင့်ရထားသူများပါအကြုံးဝင် ပါသည်။ ဒါပေမယ့် တခုသတိပြုရမှာကတော့ ဒီ အိမ်ထောင်စုမှတ်ပုံတင်ခြင်း(သို့)နေထိုင်မှုမှတ်ပုံတင်မှုဟာ ဂျပန်နိုင်ငံသားတွေနှင့် တပုံစံတည်း မဟုတ်ဘူး ဆိုတာပါပဲ။ ဇယား(၄)မှာဖေါ်ပြထားသလို နိုင်ငံသား(သို့)ဒေသ၊ နေထိုင်ခွင့်အဆင့်အတန်း(ဗီဇာ အမျိုးအစား) ၊ နေထိုင်ခွင့်ပြုသည့် ကာလ(ဗီဇာသက်တမ်း)နှင့်သက်တမ်းကုန်ဆုံးရက်နှင့် သင့် နေထိုင်ခွင့်လက်မှတ်(Zairyu card)အမှတ် တို့ကို ဖေါ်ပြ ထားမှာဖြစ်ပါတယ်။

### နိုင်ငံခြားသား တမျိုးထက်ပို၍ ပါဝင်သော အိမ်ထောင်စု။

စနစ်သစ်အရ နိုင်ငံတမျိုးထက်ပိုသူများပါဝင်သည့် အိမ်ထောင်စု၊ ဆိုလိုသည်မှာ နိုင်ငံမတူသူအိမ်ထောင်ဖက်များ ကို အိမ်ထောင်စု တခုတည်းအဖြစ် မှတ်ပုံတင်ပေးတော့မှာ ဖြစ်ပါတယ်။ ယခုအထိ ဂျပန်နိုင်ငံသားနှင့်လက်ထပ်ထားသော နိုင်ငံခြားသား/သူ နှင့် ပတ်သက်သော အချက်အလက်များကို မှတ်ချက် ရေးသည့် ကော်လံတွင်သာ သီးခြားဖော်ပြပြီး၊ ပင်မအိမ်ထောင်စု အတွင်း တနေရာတည်းတွင် ထည့်သွင်းဖော်ပြခြင်း မပြုပါ။ ယခုမှစပြီး အိမ်ထောင်စုဝင် အားလုံးကို တနေရာတည်းတွင် ဖော်ပြပေးတော့မည် ဖြစ်ပါသည်။

## ဇယား(၄)။

## ဂျပန်နိုင်ငံသားများနှင့် နိုင်ငံခြားသားများ၏ အိမ်ထောင်စု နေထိုင်မှုမှတ်ပုံတင် လက်မှတ်ကို နှိုင်းယှဉ် ပြသခြင်း။

| ဂျပန်နိုင်ငံသားများ၏ အိမ်ထောင်စု နေထိုင်မှုမှတ်ပုံတင် လက်မှတ် | နိုင်ငံခြားသားများ၏ အိမ်ထောင်စု နေထိုင်မှုမှတ်ပုံတင် လက်မှတ် |
|---|---|
| အမည် | |
| မွေးသက္ကရာဇ် | |
| ကျား/မ | |
| အိမ်ထောင်ဦးစီး၏အမည်နှင့် အခြားအိမ်ထောင်စုဝင်များနှင့် တော်စပ်ပုံ၊<br>တစုံတဦးက အိမ်ထောင်ဦးစီးဖြစ်ပါက အိမ်ထောင်ဦးစီးဖြစ်ကြောင်း ဖော်ပြပေးမည်။ | |
| အိမ်ထောင်စုဖြစ်တရားဝင်မှတ်ပုံတင်ကြောင်း စသည်တို့ကို ဖော်ပြချက် | အလယ်အလတ်နှင့် ရေရှည် ဂျပန်နိုင်ငံတွင် အခြေစိုက်နေထိုင်ခွင့်ရထားကြောင်းဖော်ပြချက်။ |
| - | နိုင်ငံသား(သို့)ဒေသ |
| - | နေထိုင်ခွင့်လက်မှတ်(Zairyu card)အမှတ် |
| - | နေထိုင်ခွင့်အဆင့်အတန်း(ဗီဇာ အမျိုးအစား) |
| - | နေထိုင်ခွင့်ပြုသည့် ကာလ(ဗီဇာသက်တမ်း)နှင့်သက်တမ်းကုန်ဆုံးရက် |
| နေထိုင်မှု မှတ်ပုံတင်သည့် ရက်စွဲ | ရပ်ကွက်(သို့)မြို့နယ်သို့ပြောင်းရွှေ့လာသည့်ရက်စွဲ |
| နေရပ်လိပ်စာ | |
| ဤ ရပ်ကွက်(သို့)မြို့နယ်သို့ပြောင်းရွှေ့လာကြောင်း အကြောင်းကြားသည့်ရက်စွဲနှင့် ယခင်က နေထိုင်ခဲ့သည့်လိပ်စာ | |

| မဲစါရင်းတွင် စါရင်းသွင်းပေးခြင်း | မဲစါရင်းမှ နှုတ်ပယ်ခြင်း |
| --- | --- |
| အမျိုးသားကျန်းမာရေးအာမခံစနစ်၊ သက်ကြီးကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း၊ ရေရှည်စောင့်ရှောက်မှု အာမခံလုပ်ငန်း၊အမျိုးသား ပင်စင် စနစ်တွင် ပါဝင်ခွင့်၊ ကလေးထောက်ပံ့ကြေးတို့နှင့်ပတ်သက်သည့် အကြောင်းအရာများ | |
| စားသုံးရန် ဆန်ဖြန့်ဖြူးပေးဝေခြင်းနှင့်ပတ်သက်သည့် အကြောင်းအရာများ | |
| မှတ်ပုံတင်လက်မှတ်၏ သင်္ကေတအမှတ်စဉ် | |
| အစိုးရက ပြဌာန်းထားသော စည်းကမ်းဥပဒေများ ဆိုင်ရာ လိုက်နာရမည့်အချက်များ | |

မေးခွန်း(၉)။

## နေထိုင်မှုမှတ်ပုံတင်မှုမှတ်တမ်းကို ပယ်ဖျက်ခြင်းဆိုသည်မှာ အဘယ်နည်း?

အဖြေ။ ။ နေထိုင်မှုမှတ်ပုံတင်မှုမှတ်တမ်းကို ပယ်ဖျက်ခြင်းဆိုသည်မှာ သင်သည် သင်နေထိုင်ရာရပ်ကွက်(မြူနီစပယ်နယ်မြေ)တွင် ကာယကံမြောက် နေထိုင်နေပါလျှက် သင့်နေထိုင်မှုအား အခြေခံ နေထိုင်မှုမှတ်ပုံတင်မှုမှတ်တမ်းမှ ပယ်ဖျက်ခြင်းကို ဆိုလိုပါသည်။

အသစ်ပြုပြင်ပြဌာန်းထားသော လူဝင်မှုကြီးကြပ်ရေးအက်- ဥပဒေအရ ဒေသန္တရ အစိုးရသည် နိုင်ငံခြားသားတယောက်၏ နေထိုင်မှုမှတ်ပုံတင်တွင်အချက်အလက်အသစ် ထည့်သွင်းခြင်း/ပယ်ဖျက်ခြင်း၊ ပြုပြင်ခြင်းများပြုသည့် အခါတိုင်းတရားရေးဝန်ကြီးဌာနကို မဆိုင်းမတွ အသိပေးအကြောင်းကြားရမည်ဟု ဖေါ်ပြထားပါသည်။ ကလေးမွေးသည့်အခါဖြစ်စေ၊ တဦးတယောက်ယောက်သေဆုံးသည့်အခါ ဖြစ်စေ နိုင်ငံခြားသားများသည် ဒေသန္တရ အစိုးရသို့ အသိပေးအကြာင်းကြားရပြီး၊ ဒေသန္တရ အစိုးရက နေထိုင်မှုမှတ်ပုံတင် တွင် လိုအပ်သောပြုပြင်မှုများကို ပြုလုပ်ရပါသည်။ ထို့အတူ နိုင်ငံခြားသားတဦး မည်သည့်နေရာတွင်နေထိုင်နေကြောင်း မသိ ဖြစ်သည့် အခါ ဒေသန္တရ အစိုးရက အဆိုပါနိုင်ငံခြားသားကို နေထိုင်မှုမှတ်ပုံတင်မှတ်တမ်းမှ ပယ်ဖျက်ပြစ်ရပါသည်။

## တရားရေးဝန်ကြီးဌာန၏ အကြောင်းကြားအသိပေးမှုအပေါ် အခြေခံ၍ နိုင်ငံခြားသားတဦးကို နေထိုင်မှုမှတ်ပုံတင် မှတ်တမ်းမှ ပယ်ဖျက်ပြစ်ခြင်း။

၎င်း ပုဒ်မ က အသစ်ပြုပြင်ပြဌာန်းထားသော အခြေခံ နေထိုင်မှုမှတ်ပုံတင်ခြင်းနှင့် သက်ဆိုင်ပါသည်။ စနစ်သစ်တွင် နိုင်ငံခြားသားတဦး၏ နေထိုင်မှုမှတ်ပုံတင်တွင် တစုံတရာ အပြောင်းအလဲရှိလျှင်ဖြစ်စေ၊ အမှားအယွင်းတစုံတရာရှိနေပြီဟု ယူဆစရာ ရှိနေလျှင်ဖြစ်စေ ဒေသန္တရ အစိုးရက တရားရေးဝန်ကြီး ဌာနအား အကြောင်းကြားရမည်ဟု ပြဌာန်းထားပါသည်။ ၎င်းပြဌာန်းချက်အသစ်က နိုင်ငံခြားသားအား ဝန်ဆောင်မှုပေးခြင်း မဟုတ်ပဲ၊ နိုင်ငံခြားသားကို ထိမ်းချုပ်ကန့်သတ်ရန်ရည်ရွယ်ကြောင်း ထင်ရှားပါသည်။

မေးခွန်း(၁၀)။

## ရီအင်တရီပါမစ် (Re-entry permit) လို့ခေါ်တဲ့ ဂျပန်နိုင်ငံကနေ အခြားနိုင်ငံရပ်ခြားကို သွားရောက်လည်ပတ်တဲ့ အခါ ဂျပန်နိုင်ငံသို့ ပြန်လည်ဝင်ရောက်ခွင့်ပါမစ် စနစ်သစ် အကြောင်းကိုသိပါရစေ။

အသစ်ပြုပြင်ပြဌာန်းထားသော လူဝင်မှုကြီးကြပ်ရေးအက်- ဥပဒေအရ ဂျပန်နိုင်ငံကနေ အခြားနိုင်ငံရပ်ခြားကို သွားရောက်လည်ပတ်တဲ့ အခါ ဂျပန်နိုင်ငံသို့ ပြန်လည်ဝင်ရောက်ခွင့်ပါမစ် (တနှစ်အောက် ကာလ ဂျပန်နိုင်ငံ အပြင်အပ တွင်နေထိုင်မည်ဆိုပါက) မလိုအက်တော့ပါ)။

ယခင်စနစ်ဟောင်းတွင် ဂျပန်နိုင်ငံကနေ အခြားနိုင်ငံရပ်ခြားကို သွားရောက် လည်ပတ်တဲ့ အခါ နယူကန်(ခ) ဂျပန် လူဝင်မှုကြီးကြပ်ရေးရုံးသို့ သွားရောက်ပြီး ဂျပန်နိုင်ငံသို့ ပြန်လည်ဝင်ရောက်ခွင့်ပါမစ် ရီအင်တရီပါမစ် (Re-entry permit)ကို ထုတ်ယူရန်လို ပါသည်။ ထိုသို့ထုတ်ယူရန် တကြိမ်တည်း ပြန်လည်ဝင်ရောက်ခွင့်ပါမစ် အတွက် ယန်း(၃၀၀၀)နှင့် အကြိမ်ကြိမ် ပြန်လည်ဝင်ရောက်ခွင့် ပါမစ် အတွက် ယန်း(၆၀၀၀)ပေးရပါသည်။

ယခုစနစ်သစ်တွင်မူ တနှစ်အောက် ကာလ ဂျပန်နိုင်ငံ အပြင်အပ တွင်နေထိုင်မည်ဆိုပါက သင်က လူဝင်မှုကြီးကြပ်ရေး အရာရှိအား သင်၏ နိုင်ငံကူးလက်မှတ်(Passport)နှင့် သင့် နေထိုင်ခွင့်လက်မှတ်(Zairyu card) ကိုပြသပြီး အသိပေးပြီးဖို့သည်လိုအပါတော့မည်ဖြစ် ပါသည်။ သို့သော် အကယ်၍ သင်က ဂျပန်နိုင်ငံ အပြင်အပ တွင် တနှစ်ကာလထက်ကျော်လွန်နေထိုင်မည်ဆိုပါက ယခင်စနစ် အတိုင်း ဂျပန်နိုင်ငံသို့ ပြန်လည်ဝင်ရောက်ခွင့်ပါမစ် ရီအင်တရီပါမစ် (Re-entry permit)ကို ထုတ်ယူ ရန်လို အပ်မည်ဖြစ်ပါသည်။

**သတိပြုရန်။ ။ ဤစနစ်သစ်တွင် မိမိနိုင်ငံရင်းက ထုတ်ပေးထားသော နိုင်ငံကူးလက်မှတ်(Passport) မရှိသူများ၊ နိုင်ငံမဲ့ဖြစ်နေသူများနှင့် မြောက်ကိုးရီးယားနိုင်ငံသားများ အကြုံး မဝင်ပါ။**

ပြီးပါပြီ။